အာဗြဟံ၊ လ္ကဇာက်နှင့် ယာကုပ်၏ ဘုရားသခင်

(Saturday— Second Morning Session)

Message Eight

ရင့်ကျက်ခြင်း၏ ဖြစ်စဉ်

ဖတ်ရန်ကျမ်း။ ။ က၊၄၇း၇၊ ၁၀။ ဟေဗြဲ၊၆း၁။

ကော၊၁း၂၈-၂၉။ ဧ၊၄း၁၄

I. ကမ္ဘာဦး ၃၇ မှ ၄၅ သည် ယာကုပ်၏ ရင့်ကျက်မှုဖြစ်စဉ်၏ မှတ်တမ်းဖြစ်သည်။

A. ကမ္ဘာဦး ၂၇ ၌ ကျွန်ုပ်တို့သည် လှည့်စားလုယူသောသူကို မြင်တွေ့ရသည်။ အခန်းကြီး ၃၇ ၌ ပုံသဏ္ဌာန်ပြောင်းလဲသွားသည့် လူနှင့် အခန်းကြီး ၄၅ ၏အဆုံး၌ ရင့်ကျက်သောလူပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့ရသည်။

B. ပုံသဏ္ဌာန်ပြောင်းလဲခံခြင်းသည် ကျွန်ုပ်တို့၏ ဇာတိအသက်၌ အတွင်းပိုင်းဆိုင်ရာ ပြောင်းလဲခြင်းခံရန်ဖြစ်ပြီး၊ စင်စစ်အားဖြင့် ရင့်ကျက်မှုရှိခြင်းသည် ကျွန်ုပ်တို့ကို ပြောင်းလဲပေးသော ဘုရားအသက်နှင့် ဖြည့်ခြင်းခံခြင်း ဖြစ်သည် - ဟေဗြဲ၊၆း၁။

1. ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ နောက်ဆုံးအဆင့်သည် အသက်၏ ပြည့်ဝပြည့်စုံခြင်း၊ ရင့်ကျက်ခြင်း ဖြစ်သည်။
   a. ဘုရားသခင်၏ ထာဝရ အကြံအစည်တော်သည် ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ရင့်ကျက်ခြင်းအားဖြင့် သာလျှင် ပြီးမြောက်ပြည့်စုံနိုင်သည် - က၊၁း၂၆။ ကော၊၁း၂၈။ ၂း၂၉။
   b. ရင့်ကျက်ခြင်းသည် ကျွန်ုပ်တို့ အသက်၏ ပြည့်ဝပြည့်စုံခြင်းသို့ ရောက်လာသည့်တိုင်အောင် ကျွန်ုပ်တို့အထဲသို့ တစ်ကြိမ်ပြီးတစ်ကြိမ် ဘုရားအသက် ဖြည့်သွင်းပေးခြင်းကို ရယူခြင်း အကြောင်းအရာဖြစ်သည် - ယော၊၁၀း၁၀။
2. ရင့်ကျက်ခြင်းသည် ဝင်ဆံ့သည့်ပမာဏ ကြီးမားကျယ်ပြန့်လာခြင်း အကြောင်းအရာဖြစ်သည် - ဆာ၊၄း၁။
   a. အသက်၌ ကြီးရင့်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ စည်းကျပ်ပေးခြင်းကို လက်ခံရယူခြင်း၏ စုစုပေါင်း ရလဒ် ဖြစ်သည် - ဟေဗြဲ၊၁၂း၅-၁၁။
   b. အခြားသူများက အသက်၌ ရင့်ကျက်ကြီးထွားသည့် လူတစ်ဦးကို မြင်ကောင်းမြင်နိုင်သည်။ သို့သော် ထိုပုဂ္ဂိုလ်သည် နှစ်များစွာ တစ်လျှောက်လုံး တစ်နေ့ပြီးတစ်နေ့ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ခြင်းကို ရယူစုဆောင်းထားခဲ့ကြောင်းကို သူတို့ မမြင်တွေ့နိုင်ပေ - ၂ကော၊၁း၈-၁၀။ က၊၄၇း၇၊ ၁၀။
3. ဘုရားသခင်သည် ကျွန်ုပ်တို့၌ ပြည့်နေသည့် အရာခပ်သိမ်းကို ဗလာဖြစ်စေရန်နှင့် ကျွန်ုပ်တို့ကို သိမ်းပိုက်ထားသည့် အရာတိုင်းကို အဝေးသို့ဖယ်ရှားရန် အုပ်စိုးစီမံမှုရှိစွာဖြင့် လူပုဂ္ဂိုလ်များ၊ အရာများနှင့် အဖြစ်အပျက်များကို အသုံးပြုသည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြည့်ဝခြင်း ရှိလာရန် ဝင်ဆံ့သည့်ပမာဏ တိုးတက်လာမည် ဖြစ်သည် - လု၊၁း၅၃။ မ၊၅း၆။

C. ယာကုပ်၏ အသက်တာက ကျွန်ုပ်တို့ထံ ဖြစ်ပျက်နေသည့် အရာခပ်သိမ်းသည် ဘုရားသခင်၏ အုပ်စိုးစီမံမှုအောက်၌ ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းနှင့် ရင့်ကျက်ခြင်းအတွက် ဖြစ်ကြောင်း၊ မတော်တဆဖြစ်သည့်အရာ တစ်ခုမျှ မရှိကြောင်း ဖွင့်ပြထားသည်။

1. ရင့်ကျက်လာရန်အလို့ငှာ ပထမဦးစွာ ယာကုပ်သည် သူ့စိတ်နှလုံး၏ တန်ဖိုးထားရာဖြစ်သည့် ယောသပ် ဆုံးရှုံးရခြင်းကို တွေ့ကြုံခဲ့ရသည် - က၊၃၇း၃၁-၃၅။
2. ရင့်ကျက်သော ယုံကြည်သူတစ်ဦးက သူ၏အခြေအနေတိုင်း၌ သူ၏လိုအပ်မှုကို ဖြည့်ဆည်းပေးရန် ဘုရားသခင်သည် ကရုဏာတော်ပြည့်ဝပြီး အရာအားလုံးပြည့်စုံလုံလောက်ကြောင်း သင်ယူခဲ့ခြင်း ရှိသည် - ၄၃း၁၁၊ ၁၃-၁၄။ ၁၇း၁။ ဖိ၊ ၁း၁၉-၂၁က။ ၄း၁၁-၁၂။ ၁တိ၊၆း၆-၈။

3. သူ၏ ကိုးစားခြင်းနှင့် နားခိုခြင်းသည် မိမိကိုယ်တိုင်၌ သို့မဟုတ် မိမိကိုယ်တိုင်၏ စွမ်းဆောင်နိုင်မှု၌ မဟုတ်တော့ဘဲ သူ၏ အရာအားလုံးပြည့်စုံလုံလောက်သော ဘုရားသခင်၏ ကရုဏာတော်၌ လုံးလုံး ဖြစ်လေသည် - ရော၊၉း၁၆။

II. သီချင်းတကာ့သီချင်း ၆း၁၃ ၌ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၏ အဆင့်များစွာကို ဖြတ်ကျော်လာခဲ့ပြီးသော ခရစ်တော်၏ ချစ်သူသည် ခရစ်တော်၏အသက် ရင့်ကျက်လာခြင်း၌ သူတို့၏လက်ထပ်ထိမ်းမြားခြင်းအတွက် ကိုယ်တော်နှင့်လိုက်ဖက်ညီရန် ခရစ်တော်၏ ပုံတူပွားခြင်းနှင့် မိတ္တူပွားခြင်း တည်းဟူသော ရှုလမိတ် ဖြစ်လာခဲ့ပြီဖြစ်သည်။

A. *ရှုလမိတ်* သည် *ရှောလမုန်* ၏ ဣတ္ထိလိင်ပုံစံအဖြစ် သုံးနှုန်းထားခြင်းဖြစ်ပြီး၊ ယင်းမှာ အသက်၏ရင့်ကျက်ခြင်း၌ သူမသည် ဘုရားသခင်၏ ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံမှုအတွက် အသက်၌၊ သဘောသဘာဝ၌၊ ထင်ရှားခြင်း၌၊ လုပ်ဆောင်ခြင်း၌ ခရစ်တော်ကဲ့သို့ တူညီလာခြင်းကို ရည်ညွှန်းသည် - အင်္ဂယ်၊၁၃။

B. သီချင်းတကာ့သီချင်း ၃ ၌ ခရစ်တော်၏ချစ်သူသည် ရင့်ကျက်သောအဆင့်သို့ ရောက်ရှိပြီး၊ ယာဉ်ပျံတော်ဖြစ်လာကာ နောက်ဆုံးတွင် ယေရုရှလင်အဖြစ် သခင်ဘုရားအားဖြင့် မှတ်ယူခံခဲ့ရသည် - အင်္ဂယ်၊ ၉-၁၀။ ၆း၄။

1. သူမ၏ဇာတိလူကို ကျိုးပဲ့ခြင်းနှင့် သူမ၏အလိုဆန္ဒကို အနိုင်ယူလွှမ်းမိုးခြင်းအားဖြင့် သူမသည် ဤအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်သည် - ၃း၆။ ၄း၁၊ ၄။
2. ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်အဖြစ် ခရစ်တော်၏ တက်ကြွခြင်း၌ သူမ၏ အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်၏ ချစ်သူသည် ခရစ်တော်အသက်၏ ကြွယ်ဝခြင်းများ၌ ရင့်ကျက်လာပြီဖြစ်သည်၊ ထိုသို့ဖြင့် သူမသည် ဘုရားသခင်၏ တည်ဆောက်ခြင်း၊ ဘုရားသခင်၏သန့်ရှင်းရာဌာနတော် ဖြစ်လာသည် - ၆း၄။

III. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲသို့ စိုက်ပျိုးခဲ့သည့် ဘုရားမျိုးစေ့၌ ပါဝင်သည့် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာ သဘောသဘာဝ၏ တိုးတက်ဖွံ့ဖြိုးမှုကို တွေ့ကြုံခံစားရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်နိုင်မည် ဖြစ်သည် - ၂ပေ၊၁း၁၊ ၄-၁၁။

A. ကျွန်ုပ်တို့သည် အံ့သြဖွယ်ကောင်းသော၊ အညီအမျှ အဖိုးထိုက်သော ယုံကြည်ခြင်းကို ခွဲဝေပေးခြင်း ခံရပြီဖြစ်ပြီး၊ ဤယုံကြည်ခြင်းသည် အရာအားလုံးပါဝင်သော မျိုးစေ့ဖြစ်သည် - အင်္ဂယ်၊၁။ ၁ပေ၊၁း၂၃။

1. ဘုရားဆိုင်ရာ ကြွယ်ဝခြင်းများအားလုံးသည် ဤမျိုးစေ့၌ ရှိသည်။ သို့သော် သူတို့ကို တိုးတက်လာစေရန် ကျွန်ုပ်တို့သည် ဇွဲလုံ့လရှိရမည်ဖြစ်သည်။ ရင့်ကျက်ခြင်းသို့ ကြီးထွားခြင်းမှာ ကျွန်ုပ်တို့ရှိပြီးသောအရာကို တိုးတက်လာစေခြင်းပင် ဖြစ်သည် - ၂ပေ၊၁း၁-၈။ ၃း၁၈။
2. ဤဂုဏ်အင်္ဂါများကို တိုးတက်လာစေခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၌ကြီးထွားကြပြီး၊ နောက်ဆုံးတွင် ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်း၊ ရင့်ကျက်ခြင်းသို့ ရောက်ရှိလာကာ၊ လာမည့်နိုင်ငံတော်၌ ဘုရင်များဖြစ်ရန် အရည်အချင်း ပြည့်မီကာ၊ စုံလင်တပ်ဆင်ခံရမည် ဖြစ်သည် - ဧ၊၄း၁၃-၁၅။ ၂ပေ၊၁း၁၁။
3. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ မျိုးစေ့မှ ကောင်းမြတ်ခြင်းနှင့် ပညာ၏ အမြစ်များ၊ မိမိကိုယ်ကိုထိန်းချုပ်ခြင်း ပင်စည်၊ ကြာရှည်သည်းခံခြင်းနှင့် ဘုရားဝတ်မွေ့လျော်ခြင်း အကိုင်းအခက်များမှတစ်ဆင့် ညီအစ်ကိုချင်း ချစ်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၏ အပွင့်ပွင့်ခြင်းနှင့် အသီးသီးခြင်းသို့ ပြည့်ဝစွာတိုးတက်၍ ရင့်ကျက်ခြင်းရှိရန် လိုအပ်သည် - အင်္ဂယ်၊၅-၇။
4. ကျွန်ုပ်တို့အတွင်းရှိ ဘုရားသဘောသဘာဝ၏ အဆုံးစွန် တိုးတက်ဖွံ့ဖြိုးမှုသည် ချစ်ခြင်းမေတ္တာ - *အဂ္ဂါပေ* ဖြစ်ပြီး၊ ယင်းမှာ ဓမ္မသစ်ကျမ်း၌ ဘုရားသခင်၏ သဘောသဘာဝဖြစ်သည့် ဘုရားဆိုင်ရာချစ်ခြင်းမေတ္တာ အသုံးပြုထားသည့် ဂရိစကားလုံး ဖြစ်သည် - အင်္ဂယ်၊၇။ ၁ယော၊၄း၈၊ ၁၆။
   a. ကျွန်ုပ်တို့သည် ခွဲဝေပေးထားသည့် ယုံကြည်ခြင်း၏ ဘုရားဆိုင်ရာမျိုးစေ့ကို ဘုရားဆိုင်ရာနှင့် မြင့်မြတ်သော ချစ်ခြင်းမေတ္တာ၌ ပြီးမြောက်ပြည့်စုံခြင်းသို့တိုင် တိုးတက်လာရန် အခွင့်ပေးဖို့ လိုအပ်သည် - ၂ပေ၊၁း၅-၇။
   b. ကျွန်ုပ်တို့သည် ဘုရားသဘောသဘာဝကို ပါဝင်ဆက်ဆံ၍ ရင့်ကျက်ခြင်းတိုင်အောင် အသက်၌ကြီးထွားခြင်း ရှိကြသောအခါ၊ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဖြစ်သည့် ဘုရားသခင်နှင့် ဖြည့်ခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၏ ပုဂ္ဂိုလ်များနှင့် ချစ်ခြင်းမေတ္တာကိုယ်တိုင်ဖြစ်လာကြသည် - ဧ၊၃း၁၉။

B. ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ရခြင်းအတွက် ဘုရားအသက်နှင့် သဘောသဘာဝ၏ ကြီးထွားမှု၊ တိုးတက်မှုနှင့် ရင့်ကျက်မှုကို ရှာဖွေဆည်းပူးရန် ဇွဲလုံ့လရှိသင့်ပါသည် - ၂ပေ၊၁း၁၀-၁၁။

IV. ဟေဗြဲစာစောင်၌ ပေါလု၏ဝန်တာသည် ယုံကြည်သူများအား ကယ်တင်ခြင်း၏ အစပြုအဆင့်မှ ရင့်ကျက်ခြင်းအဆင့်သို့ ခေါ်ဆောင်သွားရန် ဖြစ်သည် - ၅း၁၁ မှ ၆း၅။

A. ရင့်ကျက်ခြင်းတိုင်အောင် ခေါ်ဆောင်ခံရခြင်းသည် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်နှင့် ဘုရားသခင့်စီမံကိန်း၏ နည်းလမ်းနှင့်စပ်လျဉ်းသည့် ဖြောင့်မတ်ခြင်း၏ နှုတ်ကပတ်တော်အထဲသို့၊ ကြေခဲဖွယ်သောအစာဖြစ်သည့် နှုတ်ကပတ်တော်အထဲသို့ ခေါ်ဆောင်ခံရရန် ဖြစ်သည် - ၅း၁၂-၁၄။ ၆း၁။

1. ဟေဗြဲစာစောင်သည် ယုံကြည်သူများအား ခရစ်တော်၏ မြေကြီးပိုင်းဆိုင်ရာအမှုတော်နှင့် စပ်လျဉ်းပြီး ကောင်းသော နှုတ်ကပတ်တော်မှ ခရစ်တော်၏ကောင်းကင်ဆိုင်ရာ အမှုတော်နှင့် ပက်သက်ပြီး ဖြောင့်မတ်ခြင်း၏ နှုတ်ကပတ်တော်သို့ ခေါ်ဆောင်ရန် ရေးသားထားခြင်းဖြစ်ပြီး၊ ဤနည်းအားဖြင့် ယုံကြည်သူများအား ရင့်ကျက်ခြင်းသို့ ခေါ်ဆောင်ရန်ဖြစ်သည် - ၁း၃။ ၄း၁၄-၁၆။ ၆း၂၀။ ၇း၂၅။ ၈း၁-၂။
2. ဖြောင့်မတ်ခြင်း၏ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ တရားမျှတခြင်းနှင့် ဖြောင့်မတ်ခြင်း၊ ကိုယ်တော်၏ လူများအပေါ် အုပ်စိုးခြင်းဆိုင်ရာ ဆက်ဆံဖြေရှင်းခြင်း၏ အမြင်ကို ထင်ဟပ်ဖော်ပြသည် - ၅း၁၃။
3. ဖြောင့်မတ်ခြင်းသည် ဘုရားသခင့်နိုင်ငံတော်၏ အကြောင်းအရာဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် ကိုယ်တော်၏ စီမံခန့်ခွဲခြင်း၌ ဘုရားသခင်ထံမှ ထွက်ပေါ်လာပြီး၊ ကိုယ်တော်၏ အုပ်ချုပ်မှုနှင့် အစိုးရခြင်းနှင့် ဆက်နွယ်နေသည် - မ၊၆း၃၃။ ဆာ၊၈၉း၁၄။ ၉၇း၂။ ဟေရာ၊၃၂း၁။

B. သခင်ဘုရားသည် ကျွန်ုပ်တို့အား ရင့်ကျက်ခြင်းသို့ ခေါ်ဆောင်လိုသည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကျေးဇူးတော်နှင့်ပြည့်ဝသော အလုပ်နှင့် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည် - ဟေဗြဲ၊၆း၁။

1. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရရှိအောင်မြင်မှုများ၌ ခရစ်တော်နှင့်အတူ မျှဝေခံစားရန် လိုအပ်သည် - ၁း၉။ ၃း၁၄။
2. ကျွန်ုပ်တို့သည် ဥပုသ်နေ့နားခိုခြင်း၌ တည်မြဲနေခြင်းအထဲသို့ ဝင်ရောက်သွားရန် ဇွဲလုံ့လရှိရမည်ဖြစ်သည် - ၄း၉၊ ၁၁။
3. ကျွန်ုပ်တို့သည် ကရုဏာတော်နှင့် ကျေးဇူးတော်ကို တွေ့မြင်ရန် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ရမည်ဖြစ်သည် - အင၊၁၆။
4. ကျွန်ုပ်တို့သည် မေလခိဇေဒက်နည်းတူ အမြင့်ဆုံးသော ယဇ်ပုရောဟိတ်မင်းဖြစ်သည့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် ကြေခဲဖွယ်သောအစာကို သုံးဆောင်ဖို့ လိုအပ်သည် - ၅း၉-၁၀၊ ၁၄။

V. ပေါလုအမှုတော်၏ပန်းတိုင်သည် လူသစ်တစ်ဦးအတွက် လူခပ်သိမ်းကို ခရစ်တော်၌ ပြည့်ဝစွာ ကြီးရင့်သောသူ၊ ရင့်ကျက်သောသူအဖြစ် ဆက်သရန်ဖြစ်သည် - ကော၊၁း၂၈-၂၉။ ၃း၁၀-၁၁။

A. ကောကောလဲ ၁း၂၈ ရှိ "ပြည့်ဝသောကြီးရင့်ခြင်း" ဆိုသည့် ဂရိစကားလုံးကို "စုံလင်သော"၊ "ပြည့်စုံသော" သို့မဟုတ် "ရင့်ကျက်သော" ဟု လည်း ဘာသာပြန်ဆိုနိုင်သည်။

B. ပေါလု၏အမှုတော်သည် အခြားသူများအထဲသို့ ခရစ်တော်ကို ဝေငှဖြန့်ဖြူးပေးရန်ဖြစ်သည်။ သို့မှသာ သူတို့သည် ခရစ်တော်၌ ပြည့်ဝစွာ ကြီးထွားခြင်းအထဲသို့ ရင့်ကျက်လာခြင်းအားဖြင့် စုံလင်ပြီး ပြည့်စုံခြင်းရှိလာမည်ဖြစ်သည်။

C. လူသစ်တစ်ဦးအတွက် ကျွန်ုပ်တို့သည် ခရစ်တော်၌ ပြည့်ဝစွာ ကြီးရင့်သော ယုံကြည်သူများအားလုံးကို ဆက်သနိုင်ရန် သူတို့အဖို့ အသက်ဖြစ်သည့် ခရစ်တော်ကို အမှုဆောင်ခြင်းဌာ အားထုတ်ကာ ကြိုးပမ်းရန် လိုအပ်သည်။ သို့မှသာ သူတို့သည် ကိုယ်တော်အားဖြင့် အသက်ရှင်နိုင်ပြီး၊ ရင့်ကျက်ခြင်းသို့တိုင် ကိုယ်တော်နှင့်အတူ ကြီးထွားနိုင်မည်ဖြစ်သည် - ၃း၄။ ၂း၁၉။

D. အပြစ်သားများကို ဧဝံဂေလိတရား ဟောပြောခြင်းနှင့် သန့်ရှင်းသူများနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့၏ ပန်းတိုင်သည် သူတို့အထဲသို့ ခရစ်တော်ကို အမှုဆောင်ရန်ဖြစ်သည်၊ သို့မှသာ သူတို့သည် အသက်၌ ရင့်ကျက်လာမည်ဖြစ်ပြီး ကိုယ်တော်၌ ပြည့်ဝစွာ ကြီးရင့်ခြင်းသို့ ဆက်သခံရနိုင်မည်ဖြစ်သည်။ ယင်းသည် လူသစ်၏ ကြီးထွားမှုအတွက် ဖြစ်သည် - ၃း၁၀-၁၁။ ၈၊ ၄း၁၃-၁၄။

E. စစ်မှန်ခြင်းနှင့် လက်တွေ့ကျခြင်း၌ လူသစ်တစ်ဦး ဖြစ်လာနိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားရန် လိုအပ်သည် - အင၊၁၅-၁၆၊ ၂၄။

1. ကျွန်ုပ်တို့သည် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားသောအခါ ကျွန်ုပ်တို့သည် မတူညီသော ပုဂ္ဂိုလ်အမျိုးအစားများဖြစ်မည် မဟုတ်တော့ပေ။ ထိုအစား ကျွန်ုပ်တို့သည် အလိုအလျောက်ပင် ကျွန်ုပ်တို့၏အသက်နှင့် ပုဂ္ဂိုလ်အဖြစ် ခရစ်တော်ကို ယူဆောင်လိမ့်မည်ဖြစ်သည် - ကော၁၃း၄၊ ၁၀-၁၁။ ဧ၁း၁၇။
2. ကျွန်ုပ်တို့သည် ပြည့်ဝစွာ ကြီးရင့်သောသူဖြစ်ရန် အရာအားလုံး၌ ခရစ်တော်အထဲသို့ ကြီးထွားသောအခါ ခရစ်တော်၌ ကျွန်ုပ်တို့အားလုံးသည် တစ်လုံးတစ်ဝဖြစ်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက် စကြဝဠာဆိုင်ရာ လူသစ်တစ်ဦးဖြစ်သည် - အငယ်၁၁။ ၄း၁၃-၁၄၊ ၂၄။ က၁း၂၆။

© 2026 Living Stream Ministry